# ကျောက်စိမ်းက ဆုံးရှုံးနေတဲ့အခွန်ငွေတွေ အစိုးရသစ်ကိုင်တွယ်ရမယ့်ပြဿနာတစ်ခုဖြစ်နေ



ကျောက်စိမ်းအရောင်းပြပွဲတွေနဲ့ ကျောက်စိမ်းတူးဖော်မှုတွေကနေ ရရှိတဲ့အခွန်ငွေက ပြည်ထောင်စုအခွန်ရရှိမှုငွေအားလုံးရဲ့သုံးပုံတစ်ပုံခန့်အထိ ရှိနေပါတယ်။







**ရန်ကုန်၊ ဒီဇင်ဘာ ၁၃ –** ကျောက်စိမ်းသယံဇာတ ရောင်းချမှုကနေ နိုင်ငံတော်ရသင့်တဲ့ အခွန်ငွေတွေ ဆုံးရှုံးနေမှုက အစိုးရသစ်ကိုင်တွယ်ရမယ့် ပြဿနာတစ်ခု ဖြစ်နေပါတယ်။

၂၀၁၃–၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျောက်စိမ်းအရောင်းပြပွဲတွေနဲ့ ကျောက်စိမ်းတူးဖော်မှုတွေကနေ ရရှိတဲ့အခွန်ငွေက အမေရိကန်ဒေါ်လာ ၁၁၄ . ၁၂သန်းဖြစ်ပြီး ပြည်ထောင်စုအခွန်ရရှိမှုငွေအားလုံးရဲ့ သုံးပုံတစ်ပုံခန့်အထိ ရှိနေပါတယ်။ အစိုးရအနေနဲ့ ကျောက်စိမ်းကဏ္ဍမှာ အခွန်ကောက်ခံမှုကို ကျောက်စိမ်းတွင်းတွေကနေ တူးဖော်ရရှိတဲ့ ကျောက်စိမ်းတန်ဖိုးရဲ့ ၂၀ရာခိုင်နှုန်း၊ ကျောက်စိမ်းပြပွဲတွေမှာ ရောင်းချမှုတွေအတွက် တန်ဖိုးရဲ့ ၁၀ရာခိုင်နှုန်း၊ ပြည်ပတင်ပို့ရောင်းချမှုတွေအတွက် ၁၅ရာခိုင်နှုန်း ကောက်ခံပါတယ်။ ကျောက်စိမ်းရဲ့ အရည်အသွေးသတ်မှတ်ချက်အလိုက် တန်ဖိုးကွာဟလို့ အခွန်ရရှိမှုပမာဏ ကွာဟပါတယ်။ သည်လိုကောက်ခံရာမှာ ကုမ္ပဏီတွေဘက်က မိမိတို့အမှန်တကယ်ရောင်းရတဲ့ ကျောက်စိမ်းအရည်အသွေးနဲ့ တန်ဖိုးတွေကို ထိမ်ချန်မှုတွေ ရှိနေပါတယ်။ ကျောက်စိမ်းတူးဖော်တဲ့ ကုမ္ပဏီတွေကလည်း တူးဖော်ရရှိတဲ့ ကျောက်စိမ်းတွေအတွက် အခွန်ပေးဆောင်ဖို့ ပျက်ကွက်မှုတွေ ရှိနေတယ်လို့ Global Witness အစီရင်ခံစာက ဆိုပါတယ်။

သည်အစီရင်ခံစာအရ အမှန်တကယ် ကျောက်စိမ်းအရည်အသွေးအလိုက် တန်ဖိုးကွာခြားမှုကို မူတည်တွက်ချက်မယ်ဆိုရင် ကျောက်စိမ်းတွင်းတွေကနေ ရရှိတဲ့ အခွန်ငွေတစ်ခုတည်းကို အမေရိကန်ဒေါ်လာသန်းပေါင်း ၆၁၇၁ . ၈၅ ရရှိသင့်ပါတယ်။ ဒါပေမဲ့ အဲသည်ဘဏ္ဍာနှစ်မှာ အစိုးရက အမှန်တကယ် ရရှိတဲ့အခွန်ငွေက ကျောက်စိမ်းတွင်းကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၆ . ၁၂သန်းသာ ရှိနေပါတယ်။ သည်ပမာဏက အမှန်တကယ်ရရှိသင့်တဲ့ ပမာဏရဲ့ တစ်ထောင်ပုံတစ်ပုံသာ ရှိပါတယ်။ သည်အတွက် သည်အခွန်ငွေတစ်ခုတည်းကနေ ကျပ်ဘီလျံ ၈၀၁၅ . ၄၄၉ (အမေရိကန် ဒေါ်လာသန်းပေါင်း ၆၁၆၅ . ၇၃)ခန့် ဆုံးရှုံးနေပါတယ်။ သည်ပမာဏက မြန်မာနိုင်ငံရဲ့ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ် ဘတ်ဂျက်လိုငွေပြမှု ကျပ်ဘီလျံ ၃၆၀၀ထက် ကျပ်ဘီလျံ ၅၀၀၀ခန့် ပိုနေပါသေးတယ်။ သည်ဘဏ္ဍာနှစ်တစ်ခုလုံးရဲ့ ခွင့်ပြုဘတ်ဂျက်ထက် လေးဆနီးပါး ပိုများပါတယ်။

သည်လအတွင်း ပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ သည် ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ထပ်မံတောင်းခံငွေ ကျပ်ဘီလျံ ၂၅၃၅ . ၁ကို အစိုးရအဖွဲ့က တောင်းခံခဲ့ပါတယ်။ သည်ပမာဏက ဘဏ္ဍာနှစ်အစက ခွင့်ပြုထားတဲ့ ဘတ်ဂျက်ပမာဏရဲ့ ၁၁ . ၀၁ ရာခိုင်နှုန်း ရှိပါတယ်။

## ဆုံးဖြတ်ဖို့မလွယ်

Global Witness ရဲ့ အဆိုအရ အခုအချိန်အထိ မြန်မာ့ကျောက်စိမ်းကဏ္ဍတစ်ခုလုံးရဲ့ တန်ဖိုးကို ဆုံးဖြတ်ဖို့ မဖြစ်နိုင်ပါဘူး။ ဖားကန့်နယ်မြေမှာ ကုမ္ပဏီ ၅၀၀ကျော်က လုပ်ကွက်ပေါင်း ၃၀၀၀ကျော် လုပ်ကိုင်နေပါတယ်။ တရုတ်နိုင်ငံကို တင်သွင်းတဲ့ အချက်အလက်တွေအရ ၂၀၁၄ခုနှစ် တစ်နှစ်တည်းမှာပဲ အမေရိကန်ဒေါ်လာ ၁၂ဘီလျံ ရှိနေပါတယ်။ သည်ပမာဏက ကျန်းမာရေးအသုံးစရိတ်ရဲ့ ၄၆ဆရှိပြီး တစ်နိုင်ငံလုံး တရားဝင် အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP)ရဲ့ ၄၈ရာခိုင်နှုန်း ရှိပါတယ်။ အစိုးရအနေနဲ့ ကျောက်စိမ်းကဏ္ဍကို ပွင့်လင်းမြင်သာပြီး ရေရှည်အကျိုးအတွက် စီမံဆောင်ရွက်သင့်ပါတယ်။ သည်လို ဆောင်ရွက်နိုင်ရင် ကချင်ပြည်နယ်ရှိ ပြည်သူတွေရဲ့ ကံဇာတာကို ပြောင်းလဲပစ်နိုင်ပြီး မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ တွန်းအားပေးနိုင်မှာပါ။

ကချင်ပြည်နယ် အင်ဂျန်းယန်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ‘အခွန်ဆုံးရှုံးမှုတွေ ထိထိရောက်ရောက်လုပ်နိုင်ဖို့က ခြစားမှုတွေ မရှိမှဖြစ်မှာ၊ ခုက ဒီနယ်မြေမှာ ကျောက်စိမ်း၊ သစ် အကုန်ဌာနတွင်းဆိုင်ရာ မှောင်ခို၊ ခြစားနေကြတာ’ လို့ပြောပါတယ်။

ကချင်ပြည်နယ် လူထုအနေနဲ့ ကျောက်စိမ်းလုပ်ငန်းတွေကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ပျောက်ကွယ်နေရပါတယ်။ မြေယာတွေ အသိမ်းခံရမှု၊ ခြိမ်းခြောက်ခံရမှု၊ အကြမ်းဖက်မှုတို့နဲ့လည်း ရင်ဆိုင်နေရပြီး အသက်အန္တရာယ်ဖြစ်တဲ့ အထိ ဖြစ်နေရပါတယ်။ နိုင်ငံအတွင်း အဆင်းရဲဆုံးနဲ့ တည်ငြိမ်မှုမရှိဆုံး ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ကျောက်စိမ်း လုပ်ငန်းက ဗဟိုအစိုးရနဲ့ ကချင်လွတ်လပ်ရေးတပ်မတော်/ ကချင်လွတ်လပ်ရေးအဖွဲ့ (KIA/KIO) တို့အကြား မြန်မာနိုင်ငံရဲ့ အတင်းမာဆုံး လက်နက်ကိုင်ပဋိပက္ခကိုဖြစ်ပေါ်စေတဲ့ ထင်ရှားတဲ့အချက်ဖြစ်တယ်လို့ Global Witness က ဆိုပါတယ်။ ၂၀၁၁ခုနှစ်မှာ တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားပြီး အသက်ပေါင်းများစွာ စတေးခဲ့ရပါတယ်။ ပြည်သူလူထုပေါင်း တစ်သိန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ စစ်ပွဲအတွင်းမှာ နှစ်ဖက်လုံးက ရန်ပုံငွေကို ကျောက်စိမ်း ကဏ္ဍကနေ ရရှိနေတယ်လို့ သိရပါတယ်။

ဒေါ်ဒွဲဘူက ‘လွယ်တော့မလွယ်ဘူး၊ တစ်သက်လုံး လုပ်လာကြတာဆိုတော့၊ အခွန်ဆုံးရှုံးမှုတွေအတွက် အောက်ခြေအထိ ထိထိရောက်ရောက် ကြီးကြပ်နိုင်ဖို့ဆိုရင် ပြည်နယ်တွေကို သယံဇာတခွဲဝေမှု လုပ်ရမယ်၊ လုပ်ပိုင်ခွင့်ပေးရမယ်၊ ဒီတော့ အခြေခံဥပဒေကိုပြင်မှရမယ်’ လို့ မှတ်ချက်ပြုပါတယ်။

တပ်မတော်အငြိမ်းစားထိပ်ပိုင်းခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေ၊ လက်ရှိမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ မွေးရေဝန်ကြီးဟောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းထွေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းတို့ရဲ့ မိသားစုပိုင်ကုမ္ပဏီတွေကလည်း ကျောက်စိမ်းကဏ္ဍမှာ ချုပ်ကိုင်ထားမှုတွေ ရှိနေတယ်လို့ ဆိုပါတယ်။ မူးယစ်ရာဇာတစ်ဦးဖြစ်တဲ့ ဝေဆူးကျန်၊ တပ်မတော်အစိုးရနဲ့ နီးစပ်တဲ့ ကုမ္ပဏီတွေဖြစ်တဲ့ ထူးလုပ်ငန်းစု၊ ရွှေသံလွင်၊ Asia World၊ ကမ္ဘောဇ ဦးအောင်ကိုဝင်း ပိုင်ကုမ္ပဏီတွေကလည်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများစွာ ပိုင်ဆိုင်ထားကြပါတယ်။

## ဖြေရှင်းဖို့လို

ကချင်ပြည်နယ်ရဲ့ ကျောက်စိမ်းထွက်ရှိမှုတွေကို ဘယ်သူတွေက စီမံအုပ်ချုပ်နေပြီး ဘယ်လိုအကျိုးအမြတ် ရရှိနေကြတယ်ဆိုတာကို အဓိပ္ပာယ်ရှိရှိ ဖြေရှင်းချက်ထုတ်နိုင်ဖို့ လိုပါတယ်။ မထုတ်နိုင်ရင် ဒေသတွင်းငြိမ်းချမ်းရေးအတွက် ဘယ်လိုသဘောတူညီမှုကမှ ကြာရှည်ခံနိုင်ဖို့ မရှိပါဘူး။ သည်ပြဿနာက လာမယ့် ၂၀၁၆ခုနှစ် ဧပြီလမှာ အာဏာလွှဲပြောင်းရယူမယ့် အစိုးရသစ်အတွက် ဖြေရှင်းရမယ့်ကိစ္စကြီးတွေထဲက တစ်ခုဖြစ်ပါတယ်။

စီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ ဒေါက်တာအောင်ကိုကိုက ‘ပြောဖို့ကတော့ စောသေးတယ်၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ဖို့ ဒေသခံပြည်သူတွေနဲ့ သယံဇာတမျှဝေမှု (Resource sharing)၊ အခွန်မျှဝေမှု (Tax Sharing)၊ အာဏာမျှဝေမှု (Power Sharing)တွေ လိုအပ်ပါတယ်၊ နောက်တက်လာမယ့် အစိုးရသစ်က ဒါတွေကိုပြင်ဆင်နေပြီလို့ထင်ပါတယ်’ လို့ သုံးသပ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ အနိုင်ရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာတော့ သည်အချက်တွေ ထည့်သွင်းထားပါတယ်။ တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းလုံခြုံစွာ လက်တွဲနေထိုင်ရေးကို အာမခံနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေး၊ ပြည်သူလူထုကို တရားမျှတစွာ အကာအကွယ်ပေးမယ့် အုပ်ချုပ်မှုစနစ်တစ်ရပ်ပေါ်ပေါက်လာရေး၊ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးစတာတွေကို ဦးတည်ဖော်ပြထားပါတယ်။



ပွင့်လင်းမြင်သာတဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ပေါ်ပေါက်လာစေဖို့ ဆောင်ရွက်မယ်လို့လည်း ကြေညာစာတမ်းပါ စီးပွားရေးမူဝါဒမှာ ထည့်သွင်းထားပါတယ်။ ပြည်သူတွေက လိုလားစွာအခွန်ထမ်းဆောင်လိုစိတ်ရှိစေမယ့် အခွန်စနစ်ပေါ်ပေါက်လာစေဖို့၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုဖြေလျှော့စေဖို့၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကို ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်တိုင်းဒေသကြီး အစိုးရအကြား အသင့်လျော်ဆုံး ခွဲဝေသုံးစွဲဖို့ ဆောင်ရွက်မယ် လို့ ဆိုထားပါတယ်။

## ပြင်ရမယ်

ဒေါက်တာအောင်ကိုကိုက ‘အခွန်ယဉ်ကျေးမှုကိုတော့ ပြင်ရမှာပေါ့၊ အခွန်သုံးစွဲရင်လဲ ထိထိရောက်ရောက်မလိုအပ်တဲ့ အသုံးစရိတ်တွေလျှော့ချပြီး သုံးစွဲရမယ်၊ အခွန်ကောက်တဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ထိခိုက်တဲ့အထိ မဟုတ်ဘဲ ကောက်ခံရမှာပါ’ လို့ ပြောပါတယ်။

Global Witness ရဲ့ အကြံပြုချက်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအနေနဲ့ KIA/KIO တို့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုမှာ သဘောတူညီမှုတစ်စိတ်တစ်ပိုင်းအဖြစ် ကျောက်စိမ်းနဲ့ အခြားသဘာဝသယံဇာတတွေနဲ့ ပတ်သက်ပြီး ပိုင်ဆိုင်မှု၊ စီမံအုပ်ချုပ်မှုနဲ့ ဝင်ငွေခွဲဝေမှုအစီအမံသစ်တွေ ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ကျောက်စိမ်းကဏ္ဍမှာ EITI ရဲ့ အကောင်အထည်ဖော်မှုတွေကို ဦးစားပေးလုပ်ဆောင်ရပါမယ်။ ကျောက်စိမ်းလုပ်ငန်းလိုင်စင်အတွက် လေလံဆွဲတဲ့လုပ်ငန်းစဉ်တွေ၊ လက်ရှိလိုင်စင်ရရှိထားသူတွေရဲ့စာရင်း၊ ကိုင်ဆောင်ထားတဲ့ လိုင်စင်တွေ၊ ကျောက်စိမ်းထွက်ရှိမှုပမာဏ၊ ကျောက်စိမ်းလုပ်ငန်းကနေ ရရှိတဲ့ အစိုးရဝင်ငွေ၊ နိုင်ငံပိုင်လုပ်ငန်းတွေရဲ့ အစိုးရရှယ်ယာကနေရရှိတဲ့ ဝင်ငွေတွေအပါအဝင် အခြားဝင်ငွေတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုရေးအကာအကွယ်တွေပါဝင်တဲ့ စာချုပ်အပြည့်အစုံနဲ့ သတ်မှတ်ချက်တွေကို ထုတ်ပြန်သင့်ပါတယ်။

ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ ကူညီမှုနဲ့ ကျောက်စိမ်းကဏ္ဍရှိ အခွန်တွေ ရှင်းလင်းဖော်ထုတ်မှု၊ စစ်တပ်၊ ရဲ၊ အစိုးရအရာရှိတွေနဲ့ ကုမ္ပဏီတွေ ပါဝင်ပတ်သက်နေတဲ့ အကျင့်ပျက်ခြစားမှုတွေကို စုံစမ်းဖော်ထုတ်အရေးယူသင့်တယ်လို့ ဆိုပါတယ်။

ပြဿနာများစွာရှိနေတဲ့ ကျောက်စိမ်းကဏ္ဍကတော့ ကုမ္ပဏီကြီးတွေရဲ့ ချုပ်ကိုင်မှုအောက်မှာရှိသလို နိုင်ငံအနှံ့အပြားမှ ရွှေ့ပြောင်းလုပ်သားတွေစုဝေးနေတဲ့ နေရာလည်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ မြေစာပုံပြိုကျမှုလို လုပ်ငန်းခွင်အသက်အန္တရာယ်တွေနဲ့ ပြည့်နှက်နေတဲ့ ကဏ္ဍကြီးဖြစ်နေပါတယ်။ **မေဦးကြင်နာနိုင်**